**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၇ / ၂၀၁၈**

၁၃၈၀ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်

(၂၀၁၈ ခုနှစ်၊ ဧပြီ လ ၂၀ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပညာရေး ဝန်ဆောင်မှု လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုဥပဒေ ပုဒ်မ ၁၀၀ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့် ကြော်ငြာစာ ကို ထုတ်ပြန်လိုက်သည်-

**အခန်း(၁)**

**အဓိပ္ပါယ်ဖော်ပြချက်**

၁။ ဤအမိန့်ကြော်ငြာစာတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက် စေရမည်-

(က) **ပုဂ္ဂလိကပညာရေးဝန်ဆောင်မှုလုပ်ငန်း** ဆိုရာတွင် ပညာရေးဝန်ကြီးဌာနနှင့် သက် ဆိုင်ရာ ဝန်ကြီးဌာနတို့က သတ်မှတ်ပြဋ္ဌာန်းသည့် သင်ရိုးညွှန်းတမ်းနှင့် သင်ကြားသော ပညာရေး ဝန်ဆောင်မှုလုပ်ငန်းနှင့် နိုင်ငံတကာသင်ရိုးညွှန်းတမ်းနှင့် သင်ကြားသော ပညာရေးဝန်ဆောင်မှု လုပ်ငန်းတို့ ပါဝင်ပါသည်။

(ခ) **ပုဂ္ဂလိကကျောင်း** ဆိုသည်မှာ နိုင်ငံတော်ကသီးသန့်ဆောင်ရွက်သော ကျောင်းမှ တစ်ပါး အခြားသောကျောင်းအားလုံးကိုဆိုသည်။

(ဂ) **အခြေခံပညာပုဂ္ဂလိကကျောင်း** ဆိုသည်မှာ နိုင်ငံသားတိုင်းတတ်မြောက်ရန် သတ်မှတ် ထားသော ပညာအခြေခံကို သင်ယူတတ်မြောက်စေရန်နှင့် နည်းပညာနှင့် သက်မွေးပညာရပ် တစ်ခုခုကိုဖြစ်စေ၊ အဆင့်မြင့်ပညာကိုဖြစ်စေ ဆက်လက်သင် ယူနိုင်စေရန် သင်ကြား လေ့ကျင့်ပေးသည့်ကျောင်းကို ဆိုသည်။

(ဃ) **နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ ပုဂ္ဂလိကကျောင်း** ဆိုသည်မှာ လက်တွေ့နည်းပညာကျွမ်းကျင်သူများ၊ စက်မှုလက်မှုအတတ်ပညာရှင် များ၊ ကျွမ်းကျင်သူ များနှင့် သက်မွေးပညာရပ်ဆိုင်ရာအသိပညာရှင်များ၊ အတတ် ပညာရှင်များ၊ ကျွမ်းကျင်သူ များကို စနစ်တကျ မွေးထုတ်ပေးသည့် ကျောင်းကိုဆို သည်။

(င) **အဆင့်မြင့်ပညာပုဂ္ဂလိကကျောင်း** ဆိုသည်မှာ အခြေခံပညာရေး၏ အမြင့်ဆုံး အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့် အောင်မြင်ပြီးသူများကို လေ့ကျင့် သင်ကြားပေး သည့်ကျောင်းကို ဆိုသည်။

(စ) **ဘာသာရပ်သင် ပုဂ္ဂလိကကျောင်း** ဆိုသည်မှာ ကျောင်းဝင်ခွင့်သင်တန်း၊ လုပ်ငန်း ခွင် ဝင်ခွင့်သင်တန်း၊ ဘာသာစကားသင်တန်း၊ နိုင်ငံတော်က တည်ထောင် ဖွင့်လှစ်ထားသော တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်း၊ သင်တန်းတွင် သင် ကြားသော ဘာသာရပ်ကို

ဖြစ်စေ၊ စာမေးပွဲတစ်ခုခုအတွက် သတ်မှတ်ထားသော ဘာသာရပ်ကိုဖြစ်စေ လူတစ်ဦး သို့မဟုတ် လူအများက ကိုယ်ပိုင်အကျိုးစီးပွား အလို့ငှာ သင်ကြားသည့် ကိုယ်ပိုင် သင်တန်းများ ဖွင့်လှစ်သည့် ကျောင်းကိုဆို သည်။

(ဆ) **ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် ပုဂ္ဂလိကကျောင်း** ပြည်ထောင်စုအစိုးရ၊ ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ အခါ အားလျော်စွာ သတ်မှတ်သည့် ကျောင်းကိုဆိုသည်။

## အခန်း (၂)

## ပညာရေးဝန်ဆောင်မှုလုပ်ငန်းအမျိုးအစားများ

၂။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူအား အောက်ပါ ပညာရေးဝန်ဆောင်မှုလုပ်ငန်း အမျိုး အစားများကို ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့က သတ်မှတ်သည့် သင်ရိုးညွှန်းတမ်း သို့မဟုတ် နိုင်ငံတကာ သင်ရိုးညွှန်းတမ်းဖြင့် သင်ကြားသော ပုဂ္ဂလိက ကျောင်းများအဖြစ် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန် ခွင့်ပြုနိုင်သည်-

(က) အခြေခံပညာပုဂ္ဂလိကကျောင်း။

(ခ) နည်းပညာနှင့် သက်မွေးဆိုင်ရာပညာရေးနှင့် လေ့ကျင့်ရေးပုဂ္ဂလိကကျောင်း။

(ဂ) အဆင့်မြင့်ပညာပုဂ္ဂလိကကျောင်း။

(ဃ) ဘာသာရပ်သင် ပုဂ္ဂလိကကျောင်း။

(င) ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် ပုဂ္ဂလိကကျောင်း။

## အခန်း (၃)

## ရင်းနှီးမြှုပ်နှံမှုပုံစံ

၃။ ပညာရေးဝန်ဆောင်မှုလုပ်ငန်း အမျိုးအစားများစာရင်းပါ ပုဂ္ဂလိကကျောင်းများကို ဖွဲ့စည်းရာတွင် တည်ထောင်သူ၏ မတည်ငွေရင်းပေါ် အခြေခံ၍ အောက်ပါအတိုင်း ဖွဲ့စည်း ဆောင်ရွက်နိုင်သည်-

(က) မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံသား အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် မြန်မာနိုင်ငံသားအဖွဲ့အစည်းများက မတည်ငွေရင်းရာခိုင်နှုန်းအပြည့်ဖြင့် ပြုလုပ် သော ပုဂ္ဂလိကကျောင်း။

(ခ) မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံသား အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် မြန်မာနိုင်ငံသားအဖွဲ့အစည်းများ သို့မဟုတ် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းနှင့် နိုင်ငံခြား သား သို့မဟုတ် နိုင်ငံခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် နိုင်ငံခြားအဖွဲ့ အစည်းများ သို့မဟုတ် နိုင်ငံခြားအစိုးရအဖွဲ့အစည်းက မတည်ငွေရင်း ဖက်စပ်ပြု လုပ်သော ပုဂ္ဂလိကကျောင်း။

(ဂ) နိုင်ငံခြားသားများ သို့မဟုတ် နိုင်ငံခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် နိုင်ငံခြားအဖွဲ့အစည်းများ သို့မဟုတ် နိုင်ငံခြားအစိုးရအဖွဲ့အစည်းက မတည်ငွေရင်း ရာခိုင်နှုန်းအပြည့်ဖြင့် ပြုလုပ်သည့် ပုဂ္ဂလိကကျောင်း။

၄။ အဆိုပါ ကျောင်းများသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နည်းဥပဒေများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပြန်ထားရှိသည့် အမိန့်ကြော်ငြာစာများနှင့် အမျိုးသား ပညာရေးဥပဒေ (၂၀၁၄) တို့နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၅။ ဤအမိန့်ကြော်ငြာစာသည် ပုဂ္ဂလိကကျောင်းနှင့် သက်ဆိုင်သည့် ဥပဒေ၊ နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးနှင့် သက်ဆိုင်သောဥပဒေ၊ အဆင့်မြင့်ပညာရေးနှင့် သက်ဆိုင် သောဥပဒေတို့ ပြဋ္ဌာန်းခြင်း မပြုမီအချိန်အထိ အကျိုးသက်ရောက်ပြီး အဆိုပါဥပဒေများ ပြဋ္ဌာန်းပြီးသည့်အခါ ရင်းနှီးမြှုပ်နှံသူသည် သက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

ကျော်ဝင်း

ဥက္ကဋ္ဌ